# သုဝဏ္ဏသျှံသူဌေးခန်းပျို့စစ်တမ်းနှင့်အဖွင့်ကျမ်း

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


ခင်ဆွေမြင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသော ဤကျမ်းသည် “ သုဝဏ္ဏသျှံသူဌေးခန်းပျို့စစ်တမ်းနှင့် အဖွင့်ကျမ်း ”ဖြစ်ပါသည်။ ရှေးမြန်မာစာပေတွင် “ တရားလည်းပါ စကားလည်းသာ ” သောကြောင့် ခမ်းနားတင့်တယ်သော ပျို့ကဗျာကြီးများ၏ ဂန္ထဝင်ဂုဏ်ရည်ကို ထင်ရှားစေလိုခြင်း ရည်ရွယ်ချက်ဖြင့် ဤကျမ်းကိုပြုစုခြင်း ဖြစ်ပါသည်။ လေ့လာမှုနယ်ပယ်အဖြစ် ပျို့စာပေစုမှ စာဆိုရှင်အဂ္ဂသမာဓိ၏ “ သုဝဏ္ဏသျှံသူဌေးခန်းပျို့ ”ကို ရွေးချယ်ထားပါသည်။ ကျမ်းပြုစုရာတွင် သူဌေးခန်းပျို့စာကိုယ်ကို ပုံနှိပ်မူတစ်စောင်၊ ပေမူသုံးစောင်တို့ဖြင့် ညှိနှိုင်းတည်းဖြတ်ပါသည်။ သုဝဏ္ဏသာမဇာတ်တော်ကြီး စာပေဆိုင်ရာများကို စစ်တမ်းထုတ်ခြင်း၊ ပျို့စာကိုယ်ကိုအနက်ဖွင့်ဆိုခြင်း၊ အကြောင်းအရာအရေးအဖွဲ့များကို လေ့လာဆန်းစစ်ခြင်း၊ စာဆို၏ပုံရိပ်ကို ဖော်ထုတ်ခြင်းများ ပြုပါသည်။ သုဝဏ္ဏသျှံသူဌေးခန်းပျို့သည် စီစဉ်တင်ပြပုံ ပြေပြစ်သည်။ ဇာတ်လမ်းအဖွဲ့ ဇာတ်ဆောင်အဖွဲ့များ ဆွဲဆောင်မှုရှိသည်။ အဖွဲ့အစပ် ချိုသာ ပြေပြစ်သည်။ ခံ့ညားစွာ အနက်ထင်ရှားသည့်အလင်္ကာများကို အားပြုသည်။ ကရုဏာရသအဖွဲ့များ အားကောင်းသော ပျို့ကောင်းတစ်စောင်ဖြစ်ကြောင်းတွေ့ရှိရသည်။ ရှင်အဂ္ဂသမာဓိသည် အင်းဝခေတ်၏ အခြားသော ပျို့စာဆိုများနှင့် မတူညီဘဲလွတ်လပ်စွာ ကဗျာဖွဲ့တတ်သူ ဖြစ်ကြောင်း၊ မိမိ၏ပုဂ္ဂလိက အတွေ့အကြုံနှင့် ခံစားမှုကို အများအတွက်ခံစားမှုအဖြစ် ကဗျာဖွဲ့သူဖြစ်ကြောင်း၊ စိတ်ကူးဉာဏ်စွမ်းရည်နှင့် ဖန်တီးမှု စွမ်းရည် ထက်မြက်သူဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤကျမ်းသည် မြန်မာဂန္ထဝင်စာပေဖြစ်သော ပျို့စာပေကို စိစစ်လေ့လာပြီး ပျို့ကဗျာ၏ ဂုဏ်အထူးကို ဖော်ထုတ်တင်ပြသော ကျမ်းဖြစ်သောကြောင့် မြန်မာစာပေနှင့် မြန်မာလူမျိုး၏ အမျိုးသားရေးဂုဏ်ရည်အတွက် အကျိုးသက်ရောက်သောကျမ်း ဖြစ်ပါသည်။